# Ascension of the Lord – (Year B)

## 1st READING: *Acts 1:1-11*

တမန်တော်ဝတ္ထု ၁း ၁–၁၁

အိုသီအိုဖိလု၊သခင်ယေရှုးသည်ဒေသနာအမှုတော်ကိုစတင်ဆောင်ရွက်တော်မူသောအချိန်မှစ၍မိမိရွေးကောက်တော်မူသောတမန်တော်များကိုဝိညာဉ်တော်အားဖြင့်မိန့်တော်မူပြီးနောက်ကောင်းကင်ဘုံသို့ယူဆောင်ခြင်းခံတော်မူသောနေ့တိုင်အောင်ကိုယ်တော်သွန်သင်ဆောင်ရွက်တော်မူသမျှကိုကျွန်ုပ်၏ပထမကျမ်းစောင်တွင်ရေးသားဖော်ပြခဲ့ပြီးဖြစ်သည်။ကိုယ်တော်သည်အသေခံတော်မူပြီးနောက်မိမိအသက်ရှင်တော်မူကြောင်းကိုထိုသူတို့အားများစွာသောအထောက်အထားများဖြင့်သက်သေပြတော်မူခ၏။ရက်ပေါင်းလေးဆယ်တိုင်အောင် တပည့်တော်တို့အား ထင်ရှားပြတော်မူ၍၊ဘုရားသခင်၏ နိုင်ငံတော်အကြောင်းကိုဟောပြောသွန်သင်တော်မခဲ့၏။ကိုယ်တော်သည်သူတို့နှင့်အတူစားပွဲတွင်ရှိတော်မူစဉ်သူတို့အားဂျေရုဆလင်မြို့မထွက်ခွာမသွားကြဘဲခမည်းတော၏ကတိတော်ကိုစောင့်ငံနေကြရန်မိန့်တော်မူသည်ကား၊သင်တို့သည်ငါ့ထံမှကြားခဲ့ရပြီဖြစ်၏။အကြောင်းမူကား၊ယောဟန်သည်ရေဖြင့်ဆေးကြော၏။သို့သော်သင်တို့သည်မကြာမီသန့်ရှင်းသောဝိညာဉ်တော်အားဖြင်ဆေးကြောခြင်းကိုခံကြရလိမ့်မည်ဟုမိန့်တော်မ၏။သူတသည်အတူတကွစုဝေးကြသောအခါ၊သခင်ဘုရားအစ္စရေးလ်လမျိုးအားသူတို့၏နိုင်ငံကိုပြန်လည်ပေးသနားတော်မူမည့်အချိန်ရောက်ပြီလောဟုကိုယ်တော်အားမေးလျှောက်ကြ၏။ကိုယ်တော်ကသူတို့အားမိန့်တော်မူသည်မှာခမည်းတော်သည်မမိတန်ခိုးအာဏာဖြင့်စီမံထားသည့်အချိန်အခါနှင့်နေ့ရက်တို့ကိုသင်တသိပိုင်ခွင့်မရှိ။သို့ရာတွင်သန့်ရှင်းသောဝိညာဉ်တော်သည်သင်တို့အပေါ်သို့ဆင်းသက်သောအခါသင်တို့သည်ဝိညာဉ်တော်၏အားတန်ခိုးကျေးဇူးကိုခံယူကြရလိမ့်မည်။ထိုအခါသင်တို့သည် ဂျေရုဆလင်မြို့မှစ၍ ဂျုဒေယပြည်၊ဆမာရိယပြည်နှင့်ကမ္ဘာမြေကြီးစွန်းတိုင်တောင်ငါ့ကိုသကသေခံသောသူများဖြစ်ကြလိမ့်မည်ဟုမိန့်တော်မ၏။ကိုယ်တော်သည်ဤသို့မိန့်တော်မူပြီးနောက်တမန်တော်များကကိုယ်တော်ကိုကြည့်လျက်နေကြစဉ်တွင်ကောင်းကင်သို့ဆောင်ယူခြင်းခံရတော်မူ၍မိုးတိမ်တစ်ခုသည်ကိုယ်တော့်ကိုသူတို့၏မြင်ကွင်းမှပျောက်ကွယ်သွားစေ၏။ သူတို့သည် ကောင်းကင်သို့တက်ကြွတော်မူသော ကိုယ်တော့်ကိုမျှော်ကြည့်လျက် နေကြစဉ်ဖြူစင်သောဝတ်ရုံများဝတ်ဆင်ထားကြသည့်လူနှစ်ဦးသည်ရုတ်တရက်ပေါ်လာ၍သူတို့အနီးတွင်ရပ်နေကြ၏။ထိုသူနစ်ဦးကဂါလိလေလူတို့၊သင်တို့သည်အဘယ်ကြောင့်ကောင်းကင်သို့မျှော်ကြည့်လျက်ရပ်နေကြသနည်း။သင်တို့အလယ်မှကောင်းကင်သို့တက်ကြွသွားတော်မူသောယေရှုးသခင်သည်ကောင်းကင်သို့တက်ကြွသည်ကို သင်တို့မြင်ခဲ့ကြသည့်အတိုင်း ထိုနည်းတူ ပြန်လည်ကြွလာတော်မူလိမ့်မည်ဟု သူတို့အားပြောဆိုကြ၏။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**

## Responsorial Psalm  Psalm  47:2-3, 6-7, 8-9

**ဆာလံကျမ်း**      ၄၇

**သံပြိုင်။** ။ ကြွေးကြော်သံများဖြင့်ဘုရားသခင်တက်ကြွတော်မူ၏ တံပိုး၊ ခရာမှုတ်သံများဖြင့် ထာဝရဘုရား တက်ကြွတော်မူ၏။

R. **God mounts his throne to shouts of joy: a blare of trumpets for the Lord.**

၁။ လူမျိုးအပေါင်းတို့ လက်ခုပ်တီးကြလော့။ ဘုရားသခင်အားကျယ်သောသီချင်းသံနှင့်ရွှင်လန်းစွာကြွေးကြော်ကြလော့။ အကြောင်းမူကား၊ အမြင့်မြတ်ဆုံးသောထာဝရဘုရားသည်ကြောက်မက်ဖွယ်ကောင်းပေ၏။ ကိုယ်တော်သည်ကမ္ဘာတစ်ဝှမ်းလုံးကိုအုပ်စိုးတော်မူသောဘုရင်မင်းမြတ်ဖြစ်တော်မူ၏။ **သံပြိုင်။**
All you peoples, clap your hands, shout to God with cries of gladness, For the LORD, the Most High, the awesome, is the great king  over all the earth.

၂။ ကြွေးကြော်သံများဖြင့်ဘုရားသခင်တက်ကြွတော်မူ၏ တံပိုး၊ ခရာမှုတ်သံများဖြင့်ထာဝရဘုရားတက်ကြွတော်မူ၏။ ဘုရားသခင်အားထောမနာသီချင်းဆိုကြလော့။ ငါတို့၏ဘုရင်မင်းမြတ်အားထောမနာသီချင်းဆိုကြလော့။ ထောမနာသီချင်းဆိုကြလော့။ **သံပြိုင်။**
God mounts his throne amid shouts of joy; the LORD, amid trumpet blasts. Sing praise to God, sing praise; sing praise to our king, sing praise.

၃။ ဘုရားသခင်သည်ကမ္ဘာတစ်ဝှမ်းလုံး၏ဘုရင်ဖြစ်တော်မူ၏။ ဆာလံဖြင့်ထောမနာ သီချင်းဆိုကြလော့။ ဘုရားသခင်သည် လူမျိုးတကာ တို့ကိုအုပ်စိုးတော်မူသောဘုရင်ဖြစ်တော်မူ၏။ ဘုရားသခင်သည် မိမိ၏ သန့်ရှင်းမွန်မြတ်သောရာဇပလ္လင် တော်ပေါ်တွင် ထိုင်တော်မူ၏။ **သံပြိုင်။**
For king of all the earth is God; sing hymns of praise. God reigns over the nations, God sits upon his holy throne.

**2nd READING: Ephesians 1:17-23**
ဧဖက်ဆုဩဝါဒစာ ၁း ၁၇–၂၃

ကိုယ်တော်သည် သင်တို့အား မည်ကဲ့သို့သောမျှော် လင့်ချက်အတွက် ခေါ်တော်မူသည်ကိုလည်းကောင်း၊ ကိုယ်တော်၏ လူမျိုးတော်အား ကတိထားတော်မူ သော အံ့ဩဖွယ်ရာ ကောင်းချီးမင်္ဂလာများမှာ မည်မျှ လောက် များပြားသည်ကိုလည်းကောင်း၊ ယုံကြည်သူ တို့၌ပြတော်မူသော တန်ခိုးတော်ကားမည်မျှလောက် ကြီးမားသည်ကိုလည်းကောင်း၊ သင်တို့မြင်ကြစေရန် သင်တို့၏ ဉာဏ်မျက်စိကို ပွင့်လင်းစေတော်မူပါ မည့်အကြောင်း ငါဆုတောင်းပတ္တနာပြု၏။ ထိုတန်ခိုး တော်ကား၊ ခရစ်တော်ကို သေခြင်းမှ ရှင်ပြန် ထမြောက်စေတော်မူခြင်းနှင့်ကောင်းကင်လောကတွင် မိမိ၏လက်ယာတော်ဘက်၌ စံမြန်းစေတော်မူသော အခါ ဘုရားသခင် ပြုတော်မူခဲ့သည့် တန်ခိုးပင်ဖြစ် သတည်း။ ခရစ်တော်သည် ကောင်းကင် လောကကို အစိုးရသူများ၊ အာဏာပိုင်များ၊ တန်ခိုးရှင်များနှင့် အရှင်သခင်အပေါင်းတို့၏ အထွဋ်အထိပ် အဖြစ်ဖြင့် အုပ်စိုးတော်မူ၏။ ကိုယ်တော်၏ နာမတော်သည် မျက်မှောက်လောကနှင့် အနာဂတ်လောက၌ခေါ်ဝေါ် သမုတ်နိုင်သောအထွဋ်အထိပ်ဘွဲ့နာမအပေါင်းတို့ထက်ကြီးမြတ်တော်မူပေသည်။ကိုယ်တော်အားအသင်းေ တာ်အတွက်အထွဋ်အထိပ် အရှင်သခင်အဖြစ်ခန့်ထားတော်မူ၏။ ထိုအသင်းတော်ကား အလုံးစုံတို့ကို ပြည့်ဝစုံလင် ခြင်းဟူသော ပြည့်ဝစုံလင်သူခရစ်တော်၏ ကိုယ်ခန္ဓာ ပေတည်း။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**

**GOSPEL: Mark 16:15-20**
ရှင်မာကုဧဝံဂေလိကျမ်း ၁၆း ၁၅–၂၀

ထို့နောက် ကိုယ်တော်က သူတို့အား မိန့် တော်မူသည်ကား သင်တို့သည် ကမ္ဘာအရပ်ရပ်သို့ သွားကြ၍ ဝေနေယျသတ္တဝါအပေါင်းတို့အားဧဝံဂေလိတရားတော်ကိဟောပြောကြလော။ယုံကြည်၍ဆေးကြောခြင်းခံ ယူသောသူတို့သည်ကယ်တင်ခြင်း ခံရလိမ့်မည်။ မယုံကြည်သောသူမူ ကား၊ အပြစ်စီရင်ခြင်းခံရလိမ့်မည်။ ယုံကြည်သောသူတို့၌ဤနိမိတ်လက္ခဏာများဖြစ်ပေါ်လိမ့်မည်။သူတို့သည် ငါ၏နာမတော်ကို အမှီပြုလျက် နတ် ဆိုးများကို နှင်ထုတ်နိုင်ကြလိမ့်မည်။ အသစ်သော ဘာသာစကားများကို ပြောဆိုကြလိမ့်မည်။ သူတို့သည် မြွေဆိုးများကို ကိုင်ဖမ်းကြလိမ့်မည်။ သေစေတတ်သော အရာများကို သောက်မိလျှင် လည်း ဘေးဥပါဒ်မထဘဲရှိကြလိမ့်မည်။လူနာများအပေါ်၌လက်ကိုတင်သဖြင့်ပျောက်ကင်းချမ်းသာ စေလိမ့်မည်ဟု မိန့်တော်မူ၏။ယေရှုးကိုယ်တော်သည်သူတို့အား မိန့်တော်မူပြီး နောက်၊ ကောင်းကင်သို့တက်ကြွတော်မူ၍၊ ဘုရား သခင်၏ လက်ယာဘက်၌ စံပယ်တော်မူ၏။ တပည့်တော်တို့သည်လည်း ထွက်သွားကြ၍၊ အရပ် ရပ်တို့၌ တရားဒေသနာတော်ကို ဟောပြောကြ၏။ သခင်ဘုရားသည်လည်း သူတို့နှင့်အတူလုပ်ဆောင် တော်မူ၍ သူတို့ဟောပြောသော တရားတော်မှန် ကန်ကြောင်း သက်သေပြရန် တန်ခိုးလက္ခဏာများ ဖြင့် ကူညီတော်မူ၏။

**ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။**